# ဘာသာစကားပေါင်းစုံနေထိုင်မှုလမ်းညွှန်

## F ဆေးကုသမှု

Fဆေးကုသမှု ထိပ်သို့

### ဂျပန်နိုင်ငံ၏အများပြည်သူနှင့်ဆိုင်သောဆေးကုသမှုအာမခံ

#### အများပြည်သူနှင့်ဆိုင်သောဆေးကုသမှုအာမခံ

| 4-2 ကျန်းမာရေးအာမခံ | | 4-3 ပြည်သူ့ကျန်းမာရေးအာမခံ |
| --- | --- | --- |
| ကုမ္ပဏီနှင့်ဌာနရုံးတွင်အလုပ်လုပ်သူ။ | (1)အာမခံထားသောသူ | ကျန်းမာရေးအာမခံထားခွင့်မရှိသူ<br>※နေထိုင်ခွင့်၃လမပြည့်သူ မပါ<br>(ခြွင်းချက်ရှိ) |
| အလုပ်လုပ်ကိုင်နေသောဌာနရုံးမှတစ်ဆင့်လျှောက်ရန်။ | (2)လုပ်ပုံလုပ်နည်း | ကာယကံရှင်ကနေထိုင်သူမှတ်တမ်းတင်ထားသောမြို့နယ်အစိုးရရုံးရှိကျန်းမာရေးအာမခံကောင်တာ၌ လျှောက်ရန်။ |
| ကျန်းမာရေးအာမခံကတ်ထုတ်ပေးမည်။ | (3)အာမခံကဒ် | ပြည်သူ့ကျန်းမာရေးအာမခံကဒ်ထုတ်ပေးမည်။ |
| ဆေးရုံသွားလျှင်ကျန်းမာရေးအာမခံကဒ်ယူဆောင်သွားရန်။ | ဆေးကုသမှုခံယူစဉ် | ဆေးရုံသွားလျှင်ပြည်သူ့ကျန်းမာရေးအာမခံကတ်ယူဆောင်သွားရန်။ |
| ဆေးကုသမှုစရိတ်၏၃၀%သာပေးဆောင်။<br>(အသက်၇၀မှ၇၄နှစ်လူကြီးများမှာဝင်ငွေပေါ်မူတည်ပြီး ၂၀%မှ၃၀% ။ မွေးကင်းစမှ မူလတန်းကျောင်းတက်ရမည့်အရွယ်မတိုင်ခင်ကလေးငယ်သည်၂၀% | (4)ကုသမှုကုန်ကျစရိတ် | ဆေးကုသမှုစရိတ်၏၃၀%သာပေးဆောင်။<br>(အသက်၇၀မှ၇၄နှစ်လူကြီးများမှာဝင်ငွေပေါ် မူတည်ပြီး ၂၀%မှ၃၀% ။ မွေးကင်းစမှ မူလတန်းကျောင်းတက်ရမည့်အရွယ်မတိုင်ခင်ကလေးငယ်သည်၂၀%ပေးဆောင်ရသည်။) |
| ကျန်းမာရေးအာမခံကြေးသည်အလုပ်ရှင်နှင့်ကာယကံရှင်ကတစ်ဝက်စီပေးဆောင်ရသည်။<br>(လစာမှတိုက်ရိုက်နှုတ်ယူသည်) | (5)အာမခံကြေး | အာမခံကြေးသည်မြို့နယ်အလိုက် ဝင်ငွေနှင့်မိသားစုဦးရေပေါ်မူပြီး နှစ်စဉ်သတ်မှတ်သည်။ ဘဏ်စသည့်မှတစ်ဆင့် ကိုယ်တိုင် ပေးဆောင်ရပါမည်။ |

ဂျပန်နိုင်ငံ၏ဆေးကုသမှုဌာနများတွင်း အာမခံအသုံးပြု၍ရသောဌာနနှင့် အသုံးပြု၍မရသောဌာန(ဥပမာ။ ။အနှိပ်ဆေးကုခန်း)နှစ်မျိုးရှိပါသည်။
ထို့အပြင်အာမခံအသုံးပြု၍ရသောနေရာဖြစ်သော်လည်း အသုံးပြု၍မရသောဆေးကုသမှုလည်းရှိပါသည်။

# F ဆေးကုသမှု

Fဆေးကုသမှု ထိပ်သို့

ဂျပန်နိုင်ငံ၏ "ဆေးကုသမှု" အကြောင်းကို ရှင်းပြပါမည်။ ဆေးကုသမှုအဖွဲ့အစည်းတွင် ဆေးကုသမှုခံယူနည်းခံယူပုံ၊ ဆေးရုံတက်နည်း၊ အရေးပေါ်အခြေအနေတွင် လုပ်ကိုင်ဆောင်ရွက်နည်း၊ ဆေးဆိုင်နှင့်ကျန်းမာရေးအာမခံအကြောင်းကို မိတ်ဆက်ပါမည်။

## 1 ဆေးကုသမှုအဖွဲ့အစည်း

ရောဂါနှင့်ဒဏ်ရာရရှိချိန်တွင် ဆေးကုသမှုအဖွဲ့အစည်းတစ်ခုခုတွင် ကုသခံယူရမည်ဖြစ်သည်။ ဤအခန်းမှာ ၎င်းအဖွဲ့အစည်းအမျိုးအစားနှင့် စည်းမျဉ်းစည်းကမ်းကို ရှင်းပြပါမည်။

### 1-1 ဆေးကုသမှုအဖွဲ့အစည်း၏အခြေခံသိကောင်းစရာ

#### (1) ဆေးကုသမှုအဖွဲ့အစည်း၏အမျိုးအစား

ဂျပန်နိုင်ငံဆေးကုသမှုအဖွဲ့အစည်းတွင် ဆေးရုံတက်ရန်လိုအပ်သည့်ပစ္စည်းကိရိယာနှင့်၊ ဆေးစစ်နိုင်သော စက်ကိရိယာအစုံရှိသောဆေးရုံကြီး၊ မိမိ၏ပတ်ဝန်းကျင်တွင် အလွယ်တကူဆရာဝန်ပြနိုင်သော ဆေးရုံငယ်နှင့် ဆေးခန်းဟူရှိသည်။

ဆေးရုံငယ်၊ဆေးခန်းဟုဆိုသည်မှာ ကုတင်(၂၀)ထက်နည်းသော ဆေးကုသမှုအဖွဲ့အစည်းဖြစ်သည်။ ဆေးရုံ တက်ရန်လိုအပ်သည့် ပစ္စည်းကိရိယာမပါသည်နေရာလည်းများသည်။ သေးငယ်သော ရောဂါ ကုသရာ နေရာဖြစ်သည်။

ဆေးရုံကြီးတွင် ဆေးရုံတက်ရန်လိုအပ်သည့် ပစ္စည်းကိရိယာနှင့် ဆေးစစ်ရန်ပစ္စည်းကိရိယာအစုံရှိသည်။ နိုင်ငံပိုင်၊ အများပြည်သူပိုင်း ဆေးရုံကြီးများတွင် ဆေးကုသမှုပညာရပ်အလိုက် အဆင့်မြင့်အထူးဆေးကုသမှုစနစ်များ အပြည့်အစုံရှိသည်။ ကုတင်(၂၀၀)အထက်ရှိသောဆေးရုံကြီးများတွင် ဆေးကုသမှုခံယူသည့်အခါ ဆေးခန်းငယ်မှ မိတ်ဆက်စာ မပါပါက ငွေကြေးပိုမိုတောင်းခံလာသည့်အခါလည်းရှိသည်။

ဆေးရုံကြီးတွင်ဆေး၊စက်ကိရိယာအစုံရှိပြီးနိုင်ငံပိုင်ဆေးရုံကြီးများတွင်အဆင့်မြင့်အထူးကုနည်းပညာစနစ်များအပြည့်အစုံရှိသည်။

ကုတင်(၂၀၀)အထက်ဆေးရုံကြီးများသို့တက်ရာတွင်ဆေးခန်းငယ်မှမိတ်ဆက်စာမပါပါကငွေကြေးပိုမိုကုန်ကျလိမ့်မည်။

အရင်ဆေးရုံငယ်(ဆေးခန်း)တွင် ဆေးကုသမှုခံယူပြီး လိုအပ်မှသာ ဆေးရုံကြီးသို့သွား၍ ဆေးကုသမှုခံယူရန် တိုက်တွန်းသည်။

ရောဂါဖြစ်သွားသည့်အခါ ပျာယာမခတ်ရန် အနီးပတ်ဝန်းကျင်တွင်ရှိ ဆေးကုသမှု အဖွဲ့အစည်းများကို စုံစမ်းထားပါ။

# F ဆေးကုသမှု

Fဆေးကုသမှု ထိပ်သို့

ဆေးရုံငယ်

ရောဂါအခြေအနေဆိုးရွားသည့်အခါပြသောဆေးရုံကြီး

အအေးမိဗိုက်နာစသောရောဂါငယ်

ပြင်းထန်သောရောဂါနှင့် ဒဏ်ရာ




ဆေးခန်း၊ဆေးရုံငယ်

အထွေထွေအထူးကုဆေးရုံကြီး

ං

## (2)ဆေးကုသမှုဌာန

ဆေးခန်း၊ဆေးရုံတွင် ရောဂါ၊ဒဏ်ရာပေါ် မူတည်ပြီး ပြရမည့် ဆေးကုသမှုဌာနကို ဆုံးဖြတ်သည်။ ဆေးကုသမှုဌာန ဘက်စုံပါရှိသော အထွေထွေအထူးကုဆေးရုံကြီး၊ အချို့သောဆေးကုသမှုဌာနကို အထူးယူထားသောဆေးရုံငယ်၊ ဆေးခန်းများရှိသဖြင့် ဆေးရုံသွားပြသည့်အခါ ရောဂါ၊ဒဏ်ရာ အပေါ်မူတည်ပြီး ကိုက်ညီသည့်ဆေးရုံကို ရွေးချယ်မည်။ အဓိကအားဖြင့် အတွင်းရောဂါဌာန၊ ခွဲစိတ်ဌာန၊ ကလေးအထူးကုဌာန စသည့်ဆေးကုသမှုဌာနများရှိသည်။ ဆေးရုံကြီးလေ ဆေးကုသမှုဌာနများလေဖြစ်သည်။ အောက်တွင် ဆေးကုသမှုဌာနများနှင့် ၎င်းဌာနများတွင် ပြနိုင်သော ရောဂါများ၏ ဥပမာကိုဖော်ပြထားသည်။

・ဆေးကုသမှုဌာနများ

| | |
|---|---|
| အထွေထွေကုသရေးဌာန (Naika) | ဆေးကိုအသုံးပြုပြီးကုသပေးသောဌာနဖြစ်သည်။အအေးမိဝေဒနာကိုအစပြု၍ရောဂါများကိုစစ်ဆေးကုသပေးပါသည်။ သင့်၏ရောဂါအမျိုးအစားကိုနားမလည်ပါက၊ဦးစွာဤဌာနတွင်စစ်ဆေးပါ။ |
| ခွဲစိတ်မှုဌာန | အပြင်ဒဏ်ရာများကိုကုသပေးသည်။ ပုံမှန်အားဖြင့်ခွဲရန်လိုအပ်သောရောဂါကိုကုသပေးသည်။ |
| ကလေးအထူးကုဌာန | မွေးကင်းစကလေးမှ မူလတန်းကလေးအထိ အထွေထွေရောဂါများကို ကုသပေးသည်။ |
| အရိုးအကြောအထူးကုဌာန | အရိုးကျိုး၊အဆစ်လွဲ၊ခါးနာအစရှိသောအရိုး၊အကြော၊အဆစ်နှင့်ပတ်သက်သောရောဂါဝေဒနာကိုကုသပေးသည်။ |
| မျက်စိအထူးကုဌာန | မျက်စိနှင့်ပတ်သက်သောရောဂါကိုကုသပေးရုံသာမကမျက်စိအမြင်အာရုံကိုစစ်ဆေးပေးသည်။ |
| သွားအထူးကုဌာန | သွားပိုးစားခြင်းစသောသွားဝေဒနာများကိုကုသပေးသည်။ |

# F ဆေးကုသမှု

Fဆေးကုသမှု ထိပ်သို့

ထို့အပြင်နား၊နှာခေါင်း၊လည်ချောင်းအထူးကုဌာန၊အရေပြားအထူးကုဌာန၊မီးယပ်သားဖွားအထူးကုဌာန၊ဆီးလမ်းကြောင်းအထူးကုဌာန၊စိတ်အထူးကုဌာနနှင့်ဦးနှောက်အာရုံကြောဌာနလည်းရှိသည်။

ဆေးရုံကြီးတွင်သွားရမည့်ဌာနကိုမသိပါက လက်ခံကောင်တာမှာရောဂါအခြေအနေကိုပြောပြပြီးမေးမြန်းနိုင်ပါသည်။

**(3)တန်းစီစနစ်နှင့် ကြိုတင်စာရင်းသွင်းစနစ်**

ဂျပန်နိုင်ငံ၏ဆေးရုံသည် အစဉ်အလိုက်တန်းစီစောင့်ရသည့်စနစ်ကို ကျင့်သုံးလေ့ရှိသည်။ ထို့ကြောင့် ၁နာရီ၊၂နာရီထိစောင့်ရသည့်အခါမျိုးလည်း ရှိပါသည်။ သို့သော်ငြားလည်း သွားဆေးခန်းသည် ကြိုတင်စာရင်းသွင်းစနစ်ကို ကျင့်သုံးလေ့ရှိသည်။ အချို့သောဆေးခန်း၊ဆေးရုံတွင် ကြိုတင်စာရင်းသွင်းရမည့် ဆေးရုံများလည်းရှိသည်။ ထို့ကြောင့် ကြိုတင်စုံစမ်း ထားရန်လိုအပ်ပါသည်။

# 1 ဆေးကုသမှုအဖွဲ့အစည်း

## 1-2 ဆေးကုသမှုခံယူရန်

ဂျပန်နိုင်ငံ၌ဆေးကုသရာတွင်နိုင်ငံခြားဘာသာစကားတတ်ကျွမ်းနားလည်သောဆရာဝန်နှင့်ဆေးကုသမှုအဖွဲ့အစည်းမှာအလွန်ပင်နည်းပါးလှသည်။ထို့ကြောင့်ဂျပန်စကားနားလည်သူနှင့်အတူတကွသွားရန်။

ဘာသာရေးကြောင့် နေရေးထိုင်ရေးနှင့် ဆေးကုသမှုပေါ် အကန့်အသတ်ရှိသည့်အခါနှင့် ဓါတ်မတည့်သောဆေးနှင့်အစာများရှိပါက ကောင်တာတွင်(သို့)သူနာပြုထံကြိုတင်ပြောပြရန်။

**(1)ဆေးကုသရာတွင်လိုအပ်သောအရာများ**

ကျန်းမာရေးအာမခံကတ်ကိုဆေးခန်း(သို့) ဆေးရုံသွားချိန်တွင်ယူဆောင်သွားပါက ကုန်ကျစရိတ်၏ အနည်းငယ်သာပေးဆောင်ရုံနှင့် ဆေးကုသမှုခံယူနိုင်သည်။ အာမခံကတ်ကိုယူမဆောင်သွား(သို့) အာမခံဝင်မထားပါက ကုန်ကျစရိတ်အားလုံးကိုပေးဆောင်ရပေမည်။အလွန်ပင်ကုန်ကျလိမ့်မည်ဖြစ်ပါသည်။

ထိုအပြင် နေထိုင်ခွင့်ကတ်ပြား၊ အထူးရာသက်ပန်ထိုင်ခွင့်ထောက်ခံစာ၊ နိုင်ငံကူးလက်မှတ်စသည့် သက်သေခံအထောက်အထားယူဆောင်သွားသင့်သည်။ သောက်နေသောဆေးရှိပါက ၎င်းဆေးပါယူဆောင်သွားရန်။

ကျန်းမာရေးအာမခံနှင့်ပတ်သက်၍ 4 အများပြည်သူဆိုင်ရာကျန်းမာရေးအာမခံ၊ 4-2 ကျန်းမာရေးအာမခံ(3)၊ 4-3 ပြည်သူ့ကျန်းမာရေးအာမခံ(3)တွင် လေ့လာနိုင်ပါသည်။

| | | | |
|---|---|---|---|
| 1 ကျန်းမာရေးအာမခံကတ် | 2 နေထိုင်ခွင့်ကတ်ပြား(သို့) နိုင်ငံကူးလက်မှတ် | 3 ယခုသောက်နေသောဆေးစသည့် | 4 ဆရာဝန်၏ မိတ်ဆက်စာ(ရှိရင်) |









## (2) ဆေးခန်းဖွင့်ချိန်

ဆေးခန်းဆေးရုံဆေးဌာနပေါ် မူတည်ပြီးကွဲပြားခြားနားသည်။ပုံမှန်အားဖြင့်တနင်္လာမှသောကြာနေ့၏နံနက်ပိုင်းနှင့်ညနေခင်းပိုင်း စနေနေ့၏နံနက်ပိုင်းတွင်ဖွင့်ပါသည်။တနင်္ဂနွေနေ့နှင့်အစိုးရရုံးပိတ်ရက်များတွင်အများအားဖြင့်ပိတ်လေ့ပိတ်ထရှိပါသည်။ ထို့ကြောင့်ကြိုတင်ဖုန်းဆက်မေးမြန်းပါ။ဖွင့်ပိတ်ချိန်လွန်၍ဆေးခန်းသွားလိုပါက

2-2 အရေးပေါ် -ညပိုင်းပိတ်ရက် ကိုကြည့်ပါ။

ဥပမာ

| | げつ<br>月<br>Mon | か<br>火<br>Tue | すい<br>水<br>Wed | もく<br>木<br>Thu | きん<br>金<br>Fri | ど<br>土<br>Sat | にち<br>日<br>Sun |
|---|---|---|---|---|---|---|---|
| ごぜん<br>午前<br>morning | ○ | ○ | ○ | ○ | ○ | ○ | × |
| ごご<br>午後<br>afternoon | ○ | ○ | ○ | × | ○ | × | × |

ဆေးရုံ၏အပေါက်ဝတွင်ဖွင့်ပိတ်ချိန် ဇယားကိုချိန်ထားပါသည်။Xကပိတ်ရက်ဖြစ်သည်။ဥပမာ။ ။ဤဇယားမှာကြာသပတေးနေ့နှင့် စနေနေ့၏ ညနေခင်း၊ တနင်္ဂနွေနေ့ကပိတ်ရက်ဖြစ်သည်။

အစိုးရရုံးပိတ်ရက်တွင်ပိတ်သည်။

## (3)ဆေးရုံဆေးခန်းနှင့်ဆေးကုသမှုအဖွဲ့အစည်းကိုရှာဖွေနည်း

ကိုယ်နေထိုင်သောပတ်ဝန်းကျင်မြို့နယ်မှ ထုတ်ဝေသော ကြေငြာစာစောင်၊ အင်တာနက်၊ ဖုန်းစာအုပ်များမှ တဆင့်ရှာဖွေနိုင်ပါသည်။ အိမ်နီးနားချင်းကိုလည်းမေးနိုင်ပါသည်။

ဂျပန်စကားနားမလည်မကျွမ်းကျင်သူများ အဖို့ မိမိပတ်ဝန်းကျင်တွင်ရှိသောနိုင်ငံတကာကူးလူးဆက်ဆံရေးအဖွဲ့နှင့် ဆွေးနွေး တိုင်ပင်ပြီးနိုင်ငံခြားဘာသာစကားနားလည်သော ဆေးရုံများကို ရှာဖွေ၊ မိတ်ဆက်ခြင်းများ ခံယူနိုင်ပါသည်။

ဂျပန်စကားအခက်အခဲရှိသူများအောက်တွင်ဖော်ပြထားသောဖုန်းနံပါတ်များမှာသို့ဆက်သွယ်နိုင်ပါသည်။

| NPO အဖွဲ့အစည်း AMDA နိုင်ငံတကာဆေးကုသမှုသတင်းဌာန |
|---|
| နိုင်ငံခြားဘာသာစကားဖြင့် ဆေးကုသမှုခံယူနိုင်သော ဆေးကုသမှုအဖွဲ့အစည်းကို မိတ်ဆက်ခြင်းနှင့် ဆေးကုသခြင်းနှင့် ပြုစုစောင့်ရှောက်မှုစနစ်ကို ရှင်းပြခြင်း ကို ဆောင်ရွက်ပေးနေသည်။ |

| တိုကျိုမြို့ | | |
|---|---|---|
| နိုင်ငံခြားဘာသာစကားဖြင့်ကုသလို့ရသောဆေးကုဌာနနှင့်ဂျပန်၏ဆေးကုသမှုစနစ်ကိုဘာသာစကားအမျိုးမျိုးဖြင့်ရှင်းပြသည်။ | | |
| တိုကျိုကျန်းမာရေးစင်တာ<br>(ဟီမဝရီ)<br>TEL<br>03-5285-8181 | ဘာသာစကား | အင်္ဂလိပ်၊တရုတ်၊ကိုရီးယား၊ထိုင်း၊စပိန်…နေ့စဉ်၉း၀၀မှ၂၀း၀၀ |

## ဘာသာစကားပေါင်းစုံနေထိုင်မှုလမ်းညွှန်

# F ဆေးကုသမှု

Fဆေးကုသမှု ထိပ်သို့

| | | |
|---|---|---|
| **အရေးပေါ်စကားပြန်ဝန်ဆောင်မှု**<br>TEL<br>03-5285-8185 | ဘာသာစကား | အင်္ဂလိပ်၊တရုတ်..တနင်္လာမှသောကြာ ၁၇း၀၀မှ နောက်နေ့မနက် ၀၉း၀၀ ၊ စနေ၊<br>တနင်္ဂနွေ၊အစိုးရပိတ်ရက် ၉း၀၀မှ နောက်နေ့မနက် ၀၉း၀၀<br>တောင်ကိုရီးယား-ကိုရီးယား၊ ထိုင်း၊ စပိန်.. တနင်္လာမှသောကြာ ၁၇း၀၀မှ ၂၀း၀၀ ၊ စနေ၊<br>တနင်္ဂနွေ၊အစိုးရပိတ်ရက် ၉း၀၀မှ ၂၀း၀၀<br>※ဖုန်းစကားပြန်ဝန်ဆောင်မှု(ဆေးရုံသွားပြချိန်နှင့် ဆေးကုသမှုခံယူချိန်သာ) |
| **တိုကျိုမြို့ဆေးကုဌာနဝန်ဆောင်မှု(ဟိမဝရီ) https://www.himawari.metro.tokyo.jp/qq13/qqport/tomintop/**<br>**မှနိုင်ငံခြားဘာသာအသုံးပြုနိုင်သောဆေးရုံကိုရှာနိုင်သည်။** | | |

| | | |
|---|---|---|
| **NPOအဖွဲ့အစည်း Services for the Health in Asian and African Regions (SHARE)** | | |
| နိုင်ငံခြားသားများအတွက် အခမဲ့ကျန်းမာရေးဆွေးနွေးနိုင်ပါသည်။ | | |
| **နိုင်ငံခြားသားကျန်းမာရေးဆွေးနွေးမှု**<br>TEL<br>050-3424-0195(တိုက်ရိုက်) | ဘာသာစကား | ဂျပန်၊အင်္ဂလိပ်...တနင်္လာမှသောကြာ ၁၀း၀၀မှ၁၇း၀၀<br>ဂျပန်ရောက်နိုင်ငံခြားသားများ၏ကျန်မာရေးအပြင်ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံ၏<br>အေအိုင်ဒီအက်စ်ရောဂါ၊ထိုင်းကိုအစပြုပြီးနိုင်ငံရပ်ခြားများ၏ဆေးကုသမှုကျန်မာရေး<br>အချက်အလက်များရရှိနိုင်သည်။ |
| **ထိုင်းဘာသာအေအိုင်ဒီအက်စ်ဆွေးနွေးမှု**<br>TEL<br>080-3791-3630 | ဘာသာစကား | ထိုင်း...ကြာသပတေး ၉း၀၀မှ၁၆း၀၀၊စနေ ၁၇း၀၀မှ၂၂း၀၀<br>တဝမ်(ဂျပန်ရောက်ထိုင်းလူမျိုးများ၏ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့) |

| | | |
|---|---|---|
| **NPOအဖွဲ့အစည်း　ASIAN PEOPLE'S FRIENDSHIP SOCIETY(A.P.F.S)** | | |
| ဆေးကုသမှု၊ပညာရေး၊အခွန်၊မတော်တဆထိခိုက်ဒဏ်ရာများအပြင်အခြားသောနေရေးထိုင်ရေးနှင့်ဆိုင်သောအခက်အခဲဆွေးနွေးမှုများလက်ခံသည်။ | | |
| **ဆွေးနွေးမှုအတွက်ကြိုတင်**<br>**ဖုန်းဆက်ရန်လိုအပ်သည်။**<br>TEL<br>03-3964-8739<br>**(တနင်္လနေ့မှ သောကြနေ့အထိ**<br>**၁၁း၀၀မှ၁၈း၀၀)** | ဘာသာစကား | အင်္ဂလိပ်၊တရုတ်၊ကိုရီးယား၊ဖိလစ်ပိုင်၊ပြင်သစ်၊မြန်မာ၊ဘင်္ဂါလီ၊အူရဒူ၊အီရန်<br>ဆွေးနွေးရန်နေ့ - စနေနေ့ (တစ်ပတ်ခြား) ၊ ကြားရက် (နေ့စဉ်)<br>(တခြားနေ့များတွင်ဆွေးနွေးလိုပါကရုံးတာဝန်ရှိသူနှင့်ညှိနိုင်းပါ) |

# 1 ဆေးကုသမှုအဖွဲ့အစည်း

## 1-3 ဆေးကုသမှုအဆင့်ဆင့်

### (1) ပထမဦးဆုံးဆေးရုံသွားချိန်တွင်ပုံမှန်လုပ်ရမည့်အချက်

အရင်ဆုံးဝေဒနာရောဂါ၊ ဒဏ်ရာပေါ်မူတည်ပြီး ဆေးခန်း၊ဆေးရုံကိုရှာ။ ထိုနောက်ဆေးရုံကောင်တာတွင်ကျန်းမာရေး အာမခံကတ်ပြားကိုပြ၍ လူနာစောင့်ခန်းတွင် စောင့်နေပါ။ ထို့နောက်ဆေးကုသမှု၊ ငွေရှင်းကောင်တာ၊ ဆေးလက်ခံ ကောင်တာစသည့် အဆင့်ဆင့်ကို လုပ်ဆောင်ရပါမည်။ အောက်တွင်အတိအကျရှင်းပြထားသည်။



**1. ရောဂါ၊ဒဏ်ရာကိုပြသခြင်း**
ခံစားနေသော ရောဂါ၊ ဒဏ်ရာကို ကုသပေးနိုင်သောဆေးခန်း၊ဆေးရုံကိုရှာရန်။




**2. ဆေးခန်း၊ဆေးရုံသို့သွားရောက်ခြင်း**
ကောင်တာတွင် "Shoshin" ပထမဦးစွာ ဆေးကုသခံယူမှုလို့ပြောပြီး ကျန်းမာရေး အာမခံကတ်ပြားကို ပြပါ။ ထိုအခါ များသောအားဖြင့် ဆရာဝန်စမ်းသပ်ခြင်းခံယူမှုလျှောက်လွှာ၊ ဆေးကုသမှုမေးခွန်းလွှာကို ဖြည့်ရမည်။ ဆေးကုသမှုမေးခွန်းလွှာဆိုသည်မှာ ယခုနှင့် ယခင်ကျန်းမာရေး အခြေအနေ၊ ဓါတ်မတည့်သည်များရှိမရှိ စသောမေးခွန်း ပုံစံ ဖြည့်ရပါမည်။ ပုံစံဖြည့်ပြီးပါကကောင်တာသို့ ပြန်အပ်ပြီး လူနာစောင့်ခန်းတွင် စောင့်ပါ။

**3.ကုသခံယူမှု**
နာမည်ခေါ်ပါက ဆရာဝန်စမ်းသပ်ခန်းသို့ ဝင်ပြီး စမ်းသပ်စစ်ဆေးမှုခံယူမည်။ လိုအပ်ပါက ဆေးစစ်ခြင်း ဆေးထည့်ခြင်းပြုလုပ်မည်။ အကယ်၍လိုအပ်ပါက ရက်ချိန်းပေးပါလိမ့်မည်။



**4. ငွေရှင်း**
ကုန်ကျငွေမှာအများအားဖြင့် လက်ငင်းငွေသားဖြင့် ရှင်းရပါမည် (credit cardဖြင့် ရှင်းလို့ရသည့် နေရာလည်းရှိပါသည်)။ ဆေးကုစစ်ဆေးပြီးနောက် သူနာပြုမှ ငွေရှင်း စာရွက် ပေးသောအခါများလည်းရှိတတ်သည်။ ထိုအခါတွင် စာရွက်ကို ငွေရှင်းကောင်တာ သို့ယူဆောင်သွားပါ။ ငွေချေဖြတ်ပိုင်းအား မပျောက်မပျက်သိမ်းထားပါ။ တစ်လဆေးကု



သမှု ကုန်ကျငွေ များပြားခဲ့လျှင် (အာမခံထားသူ၏ ဝင်ငွေပမာဏအပေါ်မူတည်ပြီး အပြောင်းအလဲရှိသည်) ဆေးကုသမှုကုန်ကျငွေ၏ အချို့ကို ထောက်ပံ့ပေးမည်။ ထိုအပြင် ဆေးကုသမှုကုန်ကျငွေ ၁နှစ်တွင် ယန်း ၁သိန်းအထက် ကုန်ကျသွားပါက အခွန်လျှော့ပေါ့မှုဖြင့် ဝင်ငွေခွန် သက်သာသည့်အခါမျိုးလည်းရှိသည်။ ။

## 5. ဆေးယူခြင်း




ငွေရှင်းသည့် အခါပေးသည့် ဆေးစာကို ယူပြီး " Chozai Yakkyoku" ဟုရေးထားသော ဆေးဆိုင်သို့သွားကာ ဆေးယူပါ။ (ဆေးရုံပြင်ပဆေးဆိုင်ရှိသည့် အခါ) ဆေးဖိုးကို သက်သက် ပေးရှင်းရမည်။ အချို့ဆေးရုံတွင် ဆေးရုံတွင်း ဆေးဆိုင်ရှိသည်။ ထိုအခါ ဆေးကုသမှုကုန်ကျငွေတွင် ဆေးဖိုးလည်းပါဝင်နေသည်။

နောက်တစ်ကြိမ် ဆရာဝန်ပြမည့်အချိန်တွင် ဆေးရုံကတ်ကို ယူဆောင်လာ၍ စာရင်းလက်ခံ စက်သို့မဟုတ်ဆေးကုသမှုဌာနတွင် နာမည်စာရင်းပေးရမည်။ ကောင်တာတွင် စာရင်းပေးရသည့်အခြေအနေမျိုးလည်းရှိသည်။ စာရင်းပေးသည့်နောက်ပိုင်း၏ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်မှာ ပထမဦးစွာ ဆေးကုသမှုခံယူသည့် ပုံစံအတိုင်းဖြစ်သည်။

# 1 ဆေးကုသမှုအဖွဲ့အစည်း

## (2) ဘာသာစကားမျိုးစုံ ဆေးကုသမှုမေးခွန်းလွှာ

Kanagawa နိုင်ငံတကာဆက်ဆံဖလှယ်ရေးအသင်း၏ အင်တာနက်စာမျက်နှာမှ ဘာသာစကားမျိုးစုံ ဆေးကုသမှုမေးခွန်းလွှာကို ရရှိနိုင်သည်။ ထို့အပြင် AMDAနိုင်ငံတကာဆေးကုသစင်တာမှ ဘာသာစကားမျိုးစုံ လျှောက်လွှာကိုရရှိနိုင်သည်။ အင်တာနက်မှ Download ဆွဲယူနိုင်သည်။

| ဘာသာစကားမျိုးစုံ ဆေးကုသမှုမေးခွန်းလွှာ |
| --- |
| http://www.kifjp.org/medical/ |
| ဆေးကုသမှုဌာနအလိုက်၊ ဘာသာစကာအလိုက် ရှာဖွေနိုင်ပါသည်။ |

| AMDA International Medical Information Center |
| --- |
| http://amda-imic.com/ |
| အင်္ဂလိပ်၊တရုတ်၊ကိုရီးယား၊စပိန်၊ထိုင်း၊ပေါ်တူဂီ၊ဖိလစ်ပိုင်ဘာသာဖြင့်ကြည့်နိုင်ပါသည်။ |

## (3) ဆေးကုသမှုဆိုင်ရာအခေါ်အဝေါ်

ဘာသာစကားအလိုက် ရောဂါလက္ခဏာနှင့် ရောဂါအမည်၏ အခေါ်အဝေါ်ကိုသိရှိလိုပါက 1-3(2) ဘာသာစကားမျိုးစုံဆေးကုသမှုမေးခွန်းလွှာတွင်ကြည့်ပါ။

# 1 ဆေးကုသမှုအဖွဲ့အစည်း

## 1-4 ဆေးရုံတက်ခြင်းအထွေထွေ

ဆရာဝန်သည် ရောဂါအခြေအနေကို စမ်းသပ်ပြီး ဆေးရုံတက်ရန် လိုမလို၊ ဆေးရုံတက်ရမည့်ကာလကို ဆုံးဖြတ်မည်။ ဆရာဝန်ထံမှ ဆေးရုံတက်ရန်ညွှန်ကြားလာပါက ဆေးရုံတက်ခြင်းဆိုင်ရာဆွေးနွေးဌာနတွင် တာဝန်ရှိသူနှင့်အတူ တက်ရမည့်ရက်ကို ဆုံးဖြတ်ပြီး လိုအပ်ချက်များကိုရှင်းပြလိမ့်မည်။

### (1) လူနာခန်း

လူနာခန်းမှာ တစ်ယောက်ခန်း၊ နှစ်ယောက်ခန်း၊ လေးယောက်ခန်း၊ ခြောက်ယောက်ခန်းစသည့် ရှိသည်။ များသောအားဖြင့် လေးယောက် (သို့) ခြောက်ယောက်ခန်းမှာ နေကြသည်။ ဆေးကုသမှု၏လိုအပ်ချက်ကြောင့် ဆေးရုံကဆုံးဖြတ်သည့်အခါမှအပ တစ်ယောက် (သို့) နှစ်ယောက်ခန်းတွင် နေလိုပါက အပိုကြေး ပေးဆောင်ရပါမည်။ အပိုကြေးသည် ဆေးရုံပေါ်မူတည်၍ အပြောင်းအလဲရှိသော်လည်း ပုံမှန်အားဖြင့် တစ်နေ့ကုန်ကျငွေသည် ယန်း၂၀၀၀မှ ၁၀၀၀၀အထိ ရှိသည်။

Fဆေးကုသမှု ထိပ်သို့

# 1 ဆေးကုသမှုအဖွဲ့အစည်း

## (2) ပုံမှန်ဆေးရုံတက်နည်းအဆင့်ဆင့်

ပုံမှန်အားဖြင့် ဆေးရုံတက်မည့်နေ့ရက်နှင့်အချိန်၊ ယူဆောင်သွားမည့်ပစ္စည်းများရှင်းပြခြင်းကိုခံယူပြီး ကတိခံဝန်ချက်၊ သတိပေးချက်များကိုလက်ခံရရှိမည်။ ဆေးရုံတက်ရန်လိုအပ်ချက်များကိုဆောင်ရွက်ပြီးမှ ဆေးရုံတက်ရမည်ဖြစ်သည်။ ဆရာဝန်က ရောဂါ အခြေအနေကို ကြည့်၍ ဆေးရုံဆင်းချိန်အားဆုံးဖြတ်မည်ဖြစ်သည်။ အသေးစိတ်ကို အောက်တွင်လေ့လာနိုင်သည်။

### 1 ဆေးရုံတက်ရာတွင်ဆောင်ရွက်ရမည့်အချက်များ




ဆေးရုံတက်ရန်လျှောက်လွှာဖြည့်ပြီးလိုအပ်သည့်အရာ(ကျန်းမာရေးအာမခံကတ်၊ဆေးကုလက်မှတ်၊အာမခံငွေ)ကိုတင်ပြပါ။ လိုအပ်ပါကအစားအသောက်အလေ့အကျင့်၊ ဘာသာရေးနှင့်ပတ်သက်မှုများကို အာဟာရဗေဒပညာရှင်ကို ကြိုတင်ပြောပြထားပါ။ တစ်ခန်းတည်းအတူတူနေသော လူနာမိတ်ဆွေအားပြောစရာရှိပါက သူနာပြုထံသို့ တစ်ဆင့်ပြောခိုင်းပါ။ အတွင်းခံအဝတ်နှင့် ရေချိုးမျက်နှာသစ်သုံးပစ္စည်းများကိုယူဆောင်လာပါ။

### 2 ဆေးရုံတက်ချိန်အတွင်း




ဧည့်တွေ့ချိန်ကိုသေချာလိုက်နာ၍သူတစ်ပါးအားအနှောင့်အယှက်မပေးမိအောင်နေထိုင်ပါ။ ကလေးအထူးကုဌာနတွင်ဧည့်တွေ့ချိန်ကို ကန့်သတ်ထားပါသည်။ ခွဲစိတ်ခါနီးတွင် ဆရာဝန်ထံမှ ရှင်းလင်းပြောကြားပေးပြီးနောက် ကတိဝန်ခံလက်မှတ်ရေးထိုးရမည်ဖြစ်သည်။ နားမလည်ပါက အားမနာပဲမေးမြန်းနိုင်ပါသည်။ ဆေးကုသမှုအတိုင်ပင်ခံရှိလျှင်တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

### 3 ဆေးရုံဆင်းချိန်




ကုန်ကျငွေကို ပေးသွင်းပြီး ဆေးရုံမှဆင်းနိုင်ပါသည်။

Fဆေးကုသမှု ထိပ်သို့

# 1 ဆေးကုသမှုအဖွဲ့အစည်း

## 1-5 သတိထားရမည့်အချက်



### (1)ဆေးခန်း၊ဆေးရုံအတွင်းသတိထားရမည့်အချက်များ

ဆေးခန်း၊ဆေးရုံအတွင်း စမတ်ဖုန်းစသည့် ဆက်သွယ်ရေးကိရိယာများအသုံးမပြုရ။ ကြိုတင်စာရင်း သွင်းထားသော အချိန် ၊ညှိသည်တွေ့ချိန်ကို အချိန်မှန် စောင့်စည်းပါ။ စစ်ဆေးချက်ရလဒ်နှင့် ဆေးအသုံးပြုနည်းကို သေချာစွာနားလည်အောင်လုပ်ရန်အရေးကြီးသည်။



### (2)ဘာသာစကားအခက်အခဲ

ဘာသာစကားအခက်အခဲအတွက်စိတ်ပူပါကစကားပြန်ဝန်ဆောင်မှု၊စကားပြန်လုပ်ပေးနိုင်သူနှင့်အတူတကွဆေးရုံသို့သွားပါ။အချို့မြို့နယ်၏နိုင်ငံတကာဆက်ဆံရေးအဖွဲ့သည်စကားပြန်ဝန်ဆောင်မှုလုပ်ပေးပါသည်။ဆေးရုံအချို့တွင်ရှိသောဆေးကုသမှုအတိုင်ပင်ခံနှင့်လည်းဆွေးနွေးနိုင်ပါသည်။

### (3)ဂျပန်နိုင်ငံ၏ဆေးကုသမှုစနစ်ကိုနားလည်သဘောပေါက်မှုမရှိလျှင်

ဂျပန်နိုင်ငံ၏ဆေးကုသမှုစနစ်သည် ကာယကံရှင်ကိုယ်တိုင်က လျှောက်ထားမှ ထောက်ပံ့မှုကိုခံယူနိုင်သည့်စနစ်များသောကြောင့် စနစ်ကို နားလည်ထားရန်အရေးကြီးသည်။ ကောင်တာမှာမေးမြန်းခြင်း ၊ ဆေးကုသမှုအတိုင်ပင်ခံရှိပါက ၎င်းနှင့်တိုင်ပင်ဆွေးနွေးပါ။ အခမဲ့ တိုင်ပင်ဆွေးနွေးနိုင်သည်။ ဆွေးနွေးသည့်အရာများကို လျှို့ဝှက်ထားပေးမည်ဖြစ်သည်။ စိတ်ချလက်ချဆေးကုသမှုခံယူရန် ကူညီပေးသည့်အဖွဲ့အစည်းနှင့် ဆေးကုသမှုအတိုင်ပင်ခံနှင့် အားမနာဘဲ တိုင်ပင်ဆွေးနွေးသင့်သည်။

## 2 အရေးပေါ်အခြေအနေ

ရောဂါနှင့် ဒဏ်ရာသည် ရုတ်တရက် ဖြစ်ပေါ်တတ်သည်။ ထိုသို့ဖြစ်လာပါက မည်ကဲ့သို့ဆောင်ရွက်သင့်သနည်း။ ဆေးရုံကားခေါ်ခြင်း၊ ညနှင့်ဆေးရုံပိတ်ရက်ဖြစ်ခဲ့ပါက အရေးပေါ် ပြသနိုင်သည့်ဆေးခန်း၊ဆေးရုံများအား မိတ်ဆက်ပေးပါသည်။

## 2-1 ရုတ်တရက်အရေးပေါ်ရောဂါ၊ဒါဏ်ရာကြောင့်အရေးပေါ်လူနာတင်ယာဉ်ခေါ်လိုလျှင်




ဖုန်းနံပါတ်၁၁၉ကိုအကြောင်းကြားပါ။၁၁၉နံပါတ်သို့အိမ်ဖုန်း၊အများသုံးဖုန်း (စာမျက်နှာအရေးပေါ်အချိန်1-1(2)အများသုံးဖုန်းဖြင့်ခေါ်ဆိုနည်းတွင်ကြည့်ပါ)၊ လက်ကိုင်ဖုန်း မည်သည် မှ မဆို ခေါ်နိုင်သည်။ ဖုန်းဖြင့်၁၁၉ကို ဆက်လျှင်မီးသတ်အဖွဲ့မှ ကိုင်လိမ့်မည်။ မီးလောင်မှု(Kaji) လား၊ အရေးပေါ်(KyuuKyuu)လား မေးလိမ့်မည်။ ထိုအချိန်တွင်စိတ်အေးအေးထားပြီး အရေးပေါ် (KyuuKyuu)လို့ဖြေပါ။ လူနာ၏ နေရပ်လိပ်စာကို ပြောပြပါ။ ထိုနောက်ဘယ်သူက၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်လိုဖြစ်တာကို ရှင်းလင်းစွာ ပြောပြပါ။ လူနာဦးရေနှင့် အသက်၊ လိင်(ကျား၊မ) စသည်ကိုလည်း မေးရင်ဖြေကြားပေးပါ။ နောက်ဆုံးတွင်ဖုန်းဆက်သူ၏ နာမည်နှင့် ဖုန်းနံပါတ်ကိုဖြေပေးပါ (စာမျက်နှာအရေးပေါ်အချိန် 1-2(2)ဆေးရုံကား ခေါ်ဆိုနည်း ဥပမာအမေးအဖြေတွင်ကြည့်ပါ)။

ဖုန်းသည်အခမဲ့ဖုန်းဖြစ်သည်။ ဆေးရုံကားသည်အခမဲ့ဖြစ်သဖြင့် ကိုယ်ပိုင်ကား၊ တက္ကစီဖြင့်သွား၍ ရသောပြင်းထန်သည့် ဒဏ်ရာမဟုတ်ပါကအသုံးပြု၍မရပါ။

ထို့ကြောင့်ကိုယ်ပိုင်အရေးပေါ်ကတ် (စာမျက်နှာအရေးပေါ်အချိန် 1-2(1)တွင့်ကြည့်ပါ)ကို ကြိုတင်ပြုလုပ်ကာ ကိုယ်နှင့်မကွာယူဆောင်ထားရန်။

# 2 အရေးပေါ်အခြေအနေ

## 2-2 ညဆေးရုံပိတ်ရက်

ဒေသအသီးသီးရှိအရေးပေါ် ဆေးကုသမှုစနစ်ကိုအသုံးပြုနိုင်သည်။အရေးပေါ် ဆေးကုသစနစ်သည်တနင်္ဂနွေ၊အစိုးရပိတ်ရက်၊ဆေးရုံပိတ်ရက်များတွင်အသုံးပြုနိုင်ရန် "ပိတ်ရက်သုံးအရေးပေါ် ဆေးခန်း"၊ညတွင်အသုံးနိုင်ရန် "အရေးပေါ် ဆေးကုစင်တာ""ညအရေးပေါ် စင်တာ"၊ပိတ်ရက်တွင်သွားကိုက်ပါက "သွားကျန်မာရေးအရေးပေါ် စင်တာ"၊အရေးပေါ် အခြေအနေတွင်ဆရာဝန်ထံသို့ဖုန်းဆက်မိတ်ဆက်ပေးသည့် "အရေးပေါ် သတင်းအချက်အလက်စင်တာ""အလှည့်ကျအိမ်ဆရာဝန်စနစ်"များရှိသည်။

သို့သော်ဒေသအလိုက်အခေါ်အဝေါ် ကွဲပြားလေ့ရှိသည်။အရေးပေါ် ဆေးကုသမှုဌာနများကိုမြို့နယ်ထုတ်ကြေငြာစာစောင်တွင်ဖော်ပြထားသည်။ဖုန်းဆက်၍ မေးမြန်းနိုင်ပါသည်။ သို့အတွက် ကြိုတင်၍စာစောင်မှမှတ်သားပြီးမြို့နယ်ရုံးသို့မေးမြန်းထားရန်။

## 3 ဆေးဆိုင်

ရောဂါဝေဒနာပျောက်ကင်းရန်ဆေးသောက်ရမည်။ဆေးသောက်ရာတွင် ဘေးထွက်ဆိုးကျိုးရှိသဖြင့် သတိထားသောက်ပါ။ ဒီနေရာတွင် ဆေးစာရွက်၊ဆေးဝယ်နည်း၊အသုံးပြုပုံကိုမိတ်ဆက်ပေးမည်။

### 3-1 ဆေးဌာန၊ ဆေးစပ်ဌာန၊ ဆေးဆိုင်(drug store)၏ကွဲပြားချက်

ဂျပန်နိုင်ငံတွင်ဆေးဌာန၊ ဆေးစပ်ဌာန(ဆိုင်)၊ ဆေးဆိုင်(drug store)ရှိသည်။ ၎င်းတို့၏ကွဲပြားချက်မှာအောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| **ဆေးဌာန** | ဆေးရောင်းသည်။ |
| **ဆေးစပ်ဌာန(ဆိုင်)** | ဆေးရောင်းသည် ထိုအပြင်ဆရာဝန်၏ဆေးစာအတိုင်းဆေးစပ်ပေးသည်။ |
| **ဆေးဆိုင်(drug store)** | ဆေးအပြင်ကျန်းမာရေးအသုံးအဆောင်ပစ္စည်း၊နေစဉ်သုံးပစ္စည်း၊အလှကုန်များရောင်းသည်။ |

### 3-2 ဆေးဝယ်နည်း

ဆေးဌာနနှင့်ဆေးဆိုင်တွင်ခေါင်း၊ခါး၊ဗိုက်နာပျောက်ဆေး၊ချောင်းဆိုးပျောက်ဆေးများဝယ်နိုင်သည်။ကျန်းမာရေးအာမခံအသုံးမပြုနိုင်သဖြင့်ကုန်ကျငွေမှာကိုယ်တိုင်ပေးရမည်။

ဆရာဝန်ထံမှ ရရှိသည့် ဆေးစာဖြင့် ဆေးဂယ်ရမည့်အခါ ဆေးစပ်ဌာန(ဆိုင်)သို့ သွားရမည်။ ကျန်မာရေးအာမခံ ထားပါက အာမခံအသုံးပြုနိုင်ပြီး ကုန်ကျစရိတ်၏ အချို့ကိုသာ ပေးဆောင်သည်။ အထူးသတ်မှတ်ခြင်းမရှိပါက ဆေးစာ၏သက်တမ်းသည် ထုတ်သည့်ရက်အပါအဝင် ၄ရက်သာဖြစ်သည်။ သက်တမ်းထက်ကျော်လွန်ပါက နောက်တစ်ခေါက် ဆေးခန်းသို့ပြန်ပြီး ဆေးစာပြန်ထုတ်ရမည်ဖြစ်သည်။ ယခင်အသုံးပြုသောဆေးနှင့်တူညီသောဆေးကို ထပ်မံဝယ်ယူလိုပါက ဆရာဝန်၏ဆေးစာမရှိပါကဝယ်လို့မရပါ။

## 3-3 ဆေး၏အသုံးပြုနည်း

ဆေးရုံ၊ဆေးခန်း၊ဆေးဆိုင်တွင် ဆေးသောက်သုံးနည်း၊ သောက်သုံးရာမှာ သတိထားသင့်သည့်အချက်နှင့် ဘေးထွက်ဆိုးကျိုးတို့ကို မေးမြန်းရှင်းပြခြင်းခံယူနိုင်သည်။ သို့သော်ဆေးဆိုင်တွင်စကားပြန်မရှိသောသောကြောင့် ဂျပန်စကားနားလည်သူနှင့်အတူသွားဝယ်ပါ။ ဝယ်ထားသောဆေးအသုံးပြုနည်းကို နိုင်ငံခြားဘာသာဖြင့် ရှင်းပြနိုင်ခြင်း မရှိသောကြောင့် နားမလည်လျှင် နားလည်သူအား ဘာသာပြန်ခိုင်းပါ။

# 4 အများပြည်သူဆိုင်ရာ ကျန်းမာရေးအာမခံ

ဂျပန်နိုင်ငံတွင်နေထိုင်သောမည်သူမဆိုတစ်ခုခုသောအများပြည်သူဆိုင်ရာကျန်းမာရေးအာမခံထားရမည်။၎င်းအာမခံတွင်ကုမ္ပဏီနှင့်ရုံး၌ ၁နတွင်အလုပ်လုပ်သူများထားနိုင်သည့် "ကျန်းမာရေးအာမခံ"နှင့် ထိုမှအကျုံးမဝင်သူများထားရမည့်"ပြည်သူကျန်းမာရေးအာမခံ" ဟု ၂မျိုးရှိသည်။

## 4-1 ဆေးကုသမှုစရိတ် နှင့်အများပြည်သူဆိုင်ရာ ကျန်းမာရေးအာမခံ

### (1) ဆေးကုသမှုစရိတ်နှင့် အများပြည်သူဆိုင်ရာကျန်းမာရေးအာမခံ

အများပြည်သူဆိုင်ရာကျန်းမာရေးအာမခံထားပါက မူအားဖြင့် တစ်နိုင်ငံလုံး တသမတ်တည်း သတ်မှတ်ထားသည့်အတိုင်း ဆေးကုသမှုစရိတ်၏ ၃၀%သာပေးဆောင်ရမည်။ သို့သော်ကျန်မာရေးအာမခံ ထားရှိခြင်းမရှိသူက ဆေးကုသမှုအဖွဲ့အစည်းတွင် ကုသမှုခံယူပါက ကုန်ကျစရိတ် အားလုံးကို ကာယကံရှင်က ပေးဆောင်ရရုံသာမက၊ ဆေးကုသမှုစရိတ်ကို လွတ်လပ်စွာ တောင်းဆိုနိုင်သောကြောင့် ဈေးကြီးကြီးပေးဆောင်ရမည်ဖြစ်ပါသည်။

[ဥပမာ]

ဆေးကုသမှုစရိတ် ယန်း၃၀၀၀ဖြစ်ပါက

ကျန်းမာရေးအာမခံထားရှိသူ

ယန်း ၉၀၀
ကုန်ကျငွေ၏၃၀%သာပေးဆောင်ရ။
*အသက်အလိုက် ကုန်ကျခံရသည့် အချိုးအစား အပြောင်းအလဲရှိသည်။

ကျန်းမာရေးအာမခံမထားရှိသူ

ယန်း ၄၅၀၀
ကုန်ကျငွေပမာဏအားလုံးပေးဆောင်ရ။

### (2) ကျန်းမာရေးအာမခံအသုံးပြုမရသောကုသမှု

ပုံမှန်အားဖြင့်ကျန်းမာရေးအာမခံထားပါကကုန်ကျငွေပမာဏ၏၃၀%သာပေးဆောင်ရသော်လည်း၊အောက်တွင်ဖော်ပြထားသည့်ကုသမှုများတွင် အာမခံအသုံးမပြုနိုင်ပါ။

**ကျန်းမာရေးအာမခံအသုံးပြု၍ မရသောကုသမှု**

| | | | |
|---|---|---|---|
| ကားမတော်တဆ ထိခိုက်ဒဏ်ရာ နှင့်သူတပါးကြောင့် ရသောဒါဏ်ရာ | လူတစ်ဦးတစ်ယောက်၏သတိမမူမှုကြောင့်ဒါဏ်ရာရရှိခဲ့ပါက၊ထိုလူမှကုသမှု၏ကုန်ကျငွေကိုပေးဆောင်ရသည်။ ကားတိုက်ပြီးထွက်ပြေးသွားခဲ့ပါကလျော်ကြေးငွေအခက်အခဲရှိသည့်အခြေအနေတွင်ဥပဒေအတွင်းသတ်မှတ်ထားသော နစ်နာကြေးကိုထောက်ပံ့သည့်စနစ်(အစိုးရလျော်ကြေးစနစ်)လည်းရှိသည်။ | | |
| သဘာဝပုံမှန်ကိုယ်ဝန်ဆောင်မှု၊ မီးဖွားခြင်း | ရောဂါမှအပအကြောင်းတစ်ခုခုကြောင့် ကိုယ်ဝန်ဖျက်ချခြင်း | ကျန်းမာရေးစစ်ဆေးမှု၊အသေးစိတ် ကျန်းမာရေးစစ်ဆေးမှု၏ ကုန်ကျစရိတ်အနည်းငယ်ကို ထောက်ပံ့သည့် မြို့နယ်ရုံးလည်း ရှိသည်။ | ကာကွယ်ဆေးထိုးခြင်း (ဥပဒေကသတ်မှတ်ထားသော ကာကွယ်ဆေးထိုးခြင်းမှအပ) |
| အလှအတွက်ပြုပြင်ခွဲစိတ်မှု၊ သွားပြုပြင်မှု | အလုပ်သွားချိန်နှင့်လုပ်ချိန်အတွင်း ဒဏ်ရာ၊ မတော်တဆထိခိုက်ဒဏ်ရာရမှု (အလုပ်အာမခံနှင့်သာဆိုင်သည်)။ | ဆေးရုံတက်ချိန်တွင် တစ်ယောက်ခန်းနေပါက ထိုကုန်ကျငွေ | ကျန်းမာရေးအာမခံတွင် သက်မှတ်ထားသောစစ်ဆေးမှု၊ခွဲစိတ်မှု၊ ကုသမှု၊ဆေးဝါးမှအပ |

**(3) ပုဂ္ဂလိက ဆေးကုသမှုအာမခံ**

ဆေးကုသမှုအာမခံတွင် အသက်အာမခံကုမ္ပဏီမှ ရောင်းသော ပုဂ္ဂလိကဆေးကုသမှုအာမခံရှိသည်။ ၎င်းသည် အာမခံကြေးကို ပုံမှန်းသွင်းပြီး ရောဂါ(သို့) ဒဏ်ရာရရှိပြီး ဆေးရုံးတက်၊ ဆေးခန်းပြသည့်အခါ သတ်မှတ်ထားသောခွဲစိတ်မှုပြုလုပ်သည့်အခါ ထောက်ပံ့ကြေးကို ခံစားနိုင်သည်။ ထို့ကြောင့် အများပြည်သူဆိုင်ရာကျန်းမာရေးအာမခံမထားလျှင် ဆေးကုသမှုစရိတ်အားလုံးကို ခေတ္တ စိုက်ထားရမည်။ ထို့ကြောင့် သတိထားပါ။

# 4 အများပြည်သူဆိုင်ရာကျန်းမာရေးအာမခံ

## 4-2 ကျန်းမာရေးအာမခံ

### (1) အာမခံထားရမည့်သူ

ကုမ္ပဏီနှင့်ရုံးခန်းတွင်အလုပ်လုပ်သူ။

### (2)အာမခံထားနည်း

ကုမ္ပဏီနှင့်ရုံးခန်းမှတစ်ဆင့် လုပ်ဆောင်ရမည်။ အလုပ်ရှင်အား မေးမြန်းပါ။

### (3)အာမခံကတ်ပြား (ကျန်းမာရေးအာမခံထားသူထောက်ခံစာကတ်ပြား)

အာမခံထားလျှင် "အာမခံကတ်" ထုတ်ပေးလိမ့်မည်။ ထိုကတ်သည် အာမခံထားကြောင်း သက်သေပြု ပေးသဖြင့် သေသေချာချာသိမ်းထားပါ။ ထိုကတ်တွင် အာမခံထားသူ၏ နေရပ်လိပ်စာ၊ နာမည်ကို ဖော်ပြထားသည်။ အာမခံကတ်ကို ကုသမှု ခံယူလျှင် ကောင်တာတွင် ပြပါ။ ပြည်တွင်းခရီးသွားလျှင် ယူဆောင်သွားပါ။ အာမခံကတ်ပြားကို ငှားခြင်း၊ ရောင်းခြင်းမလုပ်ဆောင်ရန်။

### (4) ဆေးကုသမှုအဖွဲ့အစည်းတွင် ပေးဆောင်ရမည့် ဆေးကုသမှု၏ကုန်ကျငွေပမာဏ

ရောဂါဝေဒနာကိုကုသလျှင်၃၀%သာပေးဆောင်ရမည်။သို့သော်အသက်၇၀မှ၇၄နှစ်ပုဂ္ဂိုလ်များသည်ဝင်ငွေပေါ် မူတည်ပြီး၂၀%မှ၃၀%ပေး ရမည်ဖြစ်သည်။မွေးကင်းစမှ မသင်မနေရပညာရေးမတိုင်မီအတွင်းကလေးငယ်များသည်၂၀%ပေးဆောင်ရသည်။

**ကျန်မာရေးအာမခံ(အာမခံထားသူ၊ အာမခံထားသူ၏မှီခို)၏ပေးရမည့်ငွေ**

| | | |
|---|---|---|
| မသင်မနေရပညာရေးမတိုင်မီ | ဝင်ငွေများ၊ပုံမှန်၊နည်းသူ | ၂၀% |
| ကျောင်းပြီး - ၆၉နှစ် | အလုပ်ဝင်ငွေများ၊ပုံမှန်၊နည်းသူ | ၃၀% |
| ၇၀နှစ်မှ၇၄နှစ် | အလုပ်ဝင်ငွေများ | ၃၀% |
| | ဝင်ငွေပုံမှန်၊နည်းသူ | ၂၀% |

မှတ်ချက်။ ။၇၅နှစ်အထက်(၆၅-၇၄နှစ်ရှိသူအနက် သက်မှတ်ထားသောမသန်စွမ်းခြင်းရှိသူ) သည် ဒုတိယပိုင်းသက်ကြီးရွယ်အိုကျန်းမာရေးစနစ်နှင့်သာ ဆိုင်သည်။

(5) အာမခံကြေး

အာမခံဆောင်ငွေသည် လစာမှနုတ်ယူထားသည်။ ပေးဆောင်ရမည့်ပမာဏသည် ရရှိသည့်လစာတွင် မူတည်ပြီး အလုပ်ရှင်နှင့် ကာယကံရှင်က တစ်ဝက်စီပေးဆောင်ရမည်။

**(6) ကျန်းမာရေးအာမခံ၏ အာမခံငွေအမျိုးအစားနှင့် အကြောင်းအရာ**

(Japan Health Insurance Association) https://www.kyoukaikenpo.or.jp/g3/cat320/sb3170/sbb31700/1940-252

| အုပ်စုခွဲ | | အာမခံငွေအမျိုးအစား | |
|---|---|---|---|
| ဖျားနာ၊ဒဏ်ရာရချိန် | | အာမခံထားသူ | အာမခံထားသူ၏မိသားစု |
| ကျန်းမာရေးအာမခံကတ်ပြား‌ဖြင့် ဆေးကုသမှုခံယူသည့်အခါ | → | ဆေးကုသစရိတ်<br>ဆေးရုံတက်စဉ်စားသောက်စရိတ်<br>ဆေးရုံတက်စဉ်နေထိုင်ကုန်ကျစရိတ်<br>အာမခံဘောင်အပြင်ဆေးကုသစရိတ်<br>အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်စရိတ် | မိသားစုဆေးကုသစရိတ်<br>မိသားစုအိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်စရိတ် |
| အာမခံကတ်ပြားမရှိသောကြောင့် ဆေးကုသစရိတ်စိုက်ရမည့်အခါ | → | ဆေးကုသစရိတ်<br>ဈေးနှုန်းမြင့်ဆေးကုသစရိတ်<br>ဈေးနှုန်းမြင့်ပြုစုစောင့်ရှောက်၊ ဆေးကုသစရိတ် | မိသားစုဆေးကုသစရိတ်<br>ဈေးနှုန်းမြင့်ဆေးကုသစရိတ်<br>ဈေးနှုန်းမြင့်ပြုစုစောင့်ရှောက်၊ဆေးကုသစရိတ် |
| အရေးပေါ်လူနာသယ်သည့်အခါ | → | လူနာသယ်စရိတ် | မိသားစုသယ်ယူပို့ဆောင်စရိတ် |
| ကုသမှုအတွက်အလုပ်နားသည့်အခါ | → | ဖျားနာဒဏ်ရာထောက်ပံ့ငွေ | |
| **မီးဖွားသည့်အခါ** | → | နို့စို့ကလေးပြုစုစောင့်ရှောက်ငွေ<br>မီးဖွားခြင်းထောက်ပံ့ငွေ | မိသားစု နို့စို့ကလေးပြုစုစောင့်ရှောက်ငွေ |
| **သေဆုံးသည့်အခါ** | → | သင်္ဂြိုလ်စရိတ် | မိသားစု သင်္ဂြိုလ်စရိတ် |
| **အလုပ်မှ နုတ်ထွက်သည့်အခါ (သတ်မှတ်ထားသောအချိန်အထိ အာမခံငွေရနိုင်သည်)** | → | ဖျားနာဒဏ်ရာထောက်ပံ့ငွေ<br>မီးဖွားခြင်းထောက်ပံ့ငွေ<br>နို့စို့ကလေးပြုစုစောင့်ရှောက်ငွေ<br>သင်္ဂြိုလ်စရိတ် | |

# 4-3 ပြည်သူ့ကျန်းမာရေးအာမခံ

**(1)အာမခံထားရမည့်သူ**

ကျန်းမာရေးအာမခံထားခြင်းမရှိသူသည် ပြည်သူ့ကျန်းမာရေးအာမခံထားရမည်။ နေထိုင်သူအခြေခံစာရင်းမှာ စာရင်းဝင်ထားသော နိုင်ငံခြားသားသည် ကျန်းမာရေးအာမခံဝင်ထားခြင်းမရှိပါက ပြည်သူ့ကျန်းမာရေးအာမခံထားရမည်။ နေထိုင်ခွင့် ၃လအောက်ဖြစ်သော်လည်း ၃လအထက်ကျော်လွန်၍ နေထိုင်သွားနိုင်သည်ဟု ယူဆနိုင်လျှင် ပြည်သူ့ကျန်းမာရေး အာမခံ ထားရမည်ဖြစ်သောကြောင့် သတိထားရမည်။ သို့သော် ဂျပန်နှင့် လူမှုဖူလုံရေးသဘောတူညီချက် ချုပ်ဆိုထားသည်နိုင်ငံ၏ နိုင်ငံသားသည် လူမှုဖူလုံရေးစနစ် ၂မျိုးထပ်ဝင်ခြင်းကို ရှောင်ရန် ပြည်သူ့ကျန်းမာရေးအာမခံထားရန် မလိုအပ်သည်အခါများလည်းရှိသည်။ (ဂျပန်တွင်ကုသမှုကုန်ကျငွေကို ပေးဆောင်ရန် အတွက် ကျန်းမာရေး အာမခံသွင်းထားကြောင်းထောက်ခံစာလိုအပ်ပါသည်)။အသေးစိတ်ကို ဂျပန်ပင်စင်အဖွဲ့ စာမျက်နှာတွင်ကြည့်ပါ။

https://www.nenkin.go.jp/

**(2) အာမခံထားနည်း**

နေထိုင်သည့် မြို့နယ်၏ ပြည်သူ့ကျန်းမာရေးအာမခံကောင်တာမှာ လျှောက်ပါ။

| | |
|---|---|
| **လိုအပ်သောစာရွက်** | နေထိုင်သူမှတ်တမ်း |
| | နေထိုင်ခွင့် ၃လအောက်ရှိသူသည် ၃လအထက်ကျော်လွန် နေထိုင်ခွင့်ရကြောင်းကို သက်သေပြနိုင်သောစာရွက်စာတမ်း (ကျောင်းဝင်ခွင့်၊ကျောင်းတက်နေကြောင်းထောက်ခံစာ) |

**(3)အာမခံကတ်ပြား (ကျန်းမာရေးအာမခံထားသူထောက်ခံစာကတ်ပြား)**

အာမခံထားလျှင် "အာမခံကတ်" ထုတ်ပေးလိမ့်မည်။ ထိုကတ်သည် အာမခံထားကြောင်း သက်သေပြု ပေးသဖြင့် သေသေချာချာသိမ်းထားပါ။ ထိုကတ်တွင် အာမခံထားသူ၏ နေရပ်လိပ်စာ၊ နာမည်ကို ဖော်ပြထားသည်။ အာမခံကတ်ကို ကုသမှု ခံယူလျှင် ကောင်တာတွင် ပြပါ။ ပြည်တွင်းခရီးသွားလျှင် ယူဆောင်သွားပါ။ အာမခံကတ်ပြားကို ငှားခြင်း၊ ရောင်းခြင်းမပြုလုပ်ဆောင်ရန်။

**(4) ဆေကုသမှုအဖွဲ့အစည်းတွင် ပေးဆောင်ရမည့် ဆေးကုသမှု၏ကုန်ကျငွေပမာဏ**

ရောဂါဝေဒနာကိုကုသလျှင်၃၀%သာပေးဆောင်ရမည်။သို့သော်အသက်၇၀မှ၇၄နှစ်ပုဂ္ဂိုလ်များသည်ဝင်ငွေပေါ်မူတည်ပြီး၂၀%မှ၃၀%ပေးရမည်ဖြစ်သည်။အသက်၆နှစ်မှမတက်မနေရပညာရေးမတိုင်မီအတွင်းကလေးငယ်များသည်၂၀%ပေးဆောင်ရသည်။

**•ကျန်းမာရေးအာမခံ(အာမခံထားသူ၊ အာမခံထားသူ၏မှီခို)၏ပေးရမည့်ငွေ**

| | | |
|---|---|---|
| **မသင်မနေရပညာရေးမတိုင်မီ** | ဝင်ငွေများ၊ပုံမှန်၊နည်းသူ | ၂၀% |
| **ဘွဲ့ရပြီး-၆၉နှစ်** | ဝင်ငွေများ၊ပုံမှန်၊နည်းသူ | ၃၀% |
| **၇၀နှစ်မှ၇၄နှစ်** | ယခုဝင်ငွေများ | ၃၀% |
| | ဝင်ငွေပုံမှန်၊နည်းသူ | ၂၀% |

မှတ်ချက်။ ။၇၅နှစ်အထက်(၆၅-၇၄နှစ်ရှိသူအနက် သက်မှတ်ထားသောမသန်စွမ်းခြင်းရှိသူ) သည် ဒုထိယပိုင်းသက်ကြီးရွယ်အိုကျန်းမာရေးစနစ်နှင့်သာ ဆိုင်သည်။

**(5)အာမခံပေးဆောင်ငွေ**

ပြည်သူ့ကျန်းမာရေးအာမခံထားသူသည်အာမခံငွေအားမသွင်း၍မရပါ။

အာမခံပေးဆောင်ငွေကို ဘဏ်မှတဆင့် ပေးသွင်းနိုင်သည်။ မြို့နယ်ရုံးမှ ပို့လာသော ပေးဆောင်ရန်စာရွက်ကိုငွေလွှဲဌာန၊ရုံးသို့ တိုက်ရိုက်ယူဆောင်လာပြီး ပေးဆောင်သည့်နည်းအပြင် ဘဏ်မှတစ်ဆင့် ငွေလွှဲဖြင့်သွင်းသည့်နည်းလည်းရှိပါသည်။ ပေးဆောင်ငွေ လာကောက်သည့်အခါမျိုးလည်းရှိသည်။

သွင်းရမည်အာမခံငွေပမာဏသည် မြို့နယ်အလိုက်ကွဲပြားပြီး နှစ်စဉ်ဝင်ငွေ၊မိသားစုဝင်အပေါ်မူတည်ပြီး သတ်မှတ်သည်။ ဂျပန်သို့ရောက်ရှိသောပထမနှစ်တွင် ဂင်ငွေမရှိသောကြောင့် အနိမ့်ဆုံးငွေသွင်းရသော်လည်း ဒုတိယနှစ်မှစပြီး အပြောင်းအလဲရှိသည်။ အသက်၄၀အထက်မှ ၆၅နှစ်မပြည့်သူသည် ပြုစု စောင့်ရှောက်မှု အာမခံပါ ပူးတွဲပေးဆောင်ရမည်။ (I တခြားသော ပြုစုစောင့်ရှောက်ရေး 2-1 တွင်ကြည့်ရန်)

အာမခံပေးဆောင်ငွေမဆောင်ပါက အာမခံကတ်ပြားကို ပြန်အပ်ရပြီး ထို့အစား အာမခံဂင်ထားခြင်းထောက်ခံစာကို ထုတ်ပေးသည်။ အာမခံပေးဆောင်ငွေမဆောင်သည့်ကာလတွင်း ဆေးကုသမှုကုန်ကျငွေအားလုံးကို ပေးဆောင်ရမည်။ (ပေးဆောင်ငွေပေးဆောင်ပြီးမှ စိုက်ထားသည့်ကုသမှုကုန်ကျစရိတ်ကို မြို့နယ်ရုံးတွင် တောင်းခံပါ။) ပေးဆောင်ငွေ မဆောင်ပဲနေပါက ပိုင်ဆိုင်မှုကို သိမ်းယူရသည့်အခါမျိုးရှိသည်။ ထို့ကြောင့် ပုံမှန်ပေးဆောင်ပါ။ သဘာဂဘေး၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ဒေဂါလီခံခြင်း အစရှိသည့်တို့ကြောင့် ငွေမသွင်းနိုင်ပါက အာမခံကြေးပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပေး၊ စောင့်ဆိုင်းပေးသည့်အခါမျိုးလည်းရှိသည်။ မြို့နယ်ရုံးမှ တာဝန်ရှိသူနှင့် ဆွေးနွေးပါ။

**(6) ကျန်းမာရေးအာမခံ၏ အာမခံငွေအမျိုးအစားနှင့် အကြောင်းအရာ**

| အုပ်စုခွဲ | | အာမခံငွေအမျိုးအစား |
|---|---|---|
| **ဖျားနာ၊ဒဏ်ရာရချိန်** | | |
| ကျန်းမာရေးအာမခံကတ်ပြားဖြင့်<br>ဆေးကုသမှုခံယူသည့်အခါ | → | ဆေးကုသစရိတ်<br>ဆေးရုံတက်စဉ်စားသောက်စရိတ်<br>ဆေးရုံတက်စဉ်နေထိုင်ကုန်ကျစရိတ်<br>အာမခံဘောင်အပြင်ဆေးကုသစရိတ်<br>အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်စရိတ် |
| အာမခံကတ်ပြားမရှိသောကြောင့်<br>ဆေးကုသစရိတ်စိုက်ရမည့်အခါ | → | ဆေးကုသစရိတ်<br>ဈေးနှုန်းမြင့်ဆေးကုသစရိတ်<br>ဈေးနှုန်းမြင့်ပြုစုစောင့်ရှောက်၊ဆေးကုသစရိတ် |
| အရေးပေါ် အခြေအနေလူနာသယ်သည့်အခ<br>၊ | → | လူနာသယ်စရိတ် |
| **မီးဖွားသည့်အခါ** | → | နို့စို့ကလေးပြုစုစောင့်ရှောက်ငွေ |
| **သေဆုံးသည့်အခါ** | → | သင်္ဂြိုလ်စရိတ် |

**(7) အကြောင်းကြားရန်လိုအပ်သည့် အခြေအနေများ**

ပြည်သူ့ကျန်မာရေးအာမခံဝင်ထားသူသည် နုတ်ထွက်ခြင်းကို အကြောင်းမကြားဘဲ နုတ်ထွက်၍မရနိုင်ပါ။ အလုပ်ဌာနတွင် ကျန်းမာရေးအာမခံဝင်သည့်အခါ ၁၄ရက်အတွင်း မြို့နယ်ရုံး၏ ပြည်သူ့ကျန်းမာရေးအာမခံနှင့် သက်ဆိုင်သည့်ကောင်တာသို့ အကြောင်းကြားပါ။ အာမခံကတ်ပြားကို ပျောက်ဆုံး၊ပျက်စီး၊ ကလေးမွေးဖွား၊ အိမ်ထောင်ဦးစီးပြောင်း၊ အာမခံထားသူသေဆုံးသည့်အခါ ၁၄ရက်အတွင်း အကြောင်းကြားရမည်။

အိမ်လိပ်စာပြောင်းလဲသွားသည့်အခါမှာလည်း အကြောင်းကြားရမည်။ လိပ်စာမပြောင်းခင်က နေသည့်မြို့နယ်၏ မြို့နယ်ရုံးသို့ အာမခံကတ်ပြားကိုယူဆောင်သွားပြီး လိပ်စာပြောင်းခြင်းကို အကြောင်းကြားပါ။ လိပ်စာအသစ်ရှိသည့်မြို့နယ်ရုံးသို့ ပြောင်းလာပြီး ၁၄ရက်အတွင်း အကြောင်းကြားရမည်။

ပြည်ပသို့ထွက်ခွာလျှင်အာမခံကတ်၊တံဆိပ်တုံး(ရှိသူ)၊နေထိုင်ခွင့်ကတ်နှင့်အထူးရာသက်ပန်နေထိုင်ခွင့်ထောက်ခံစာ၊လေယာဉ်လက်မှတ်ကိုယူဆောင်အကြောင်းကြားပြီးပြည်ပထွက်ခွာကြောင်းကိုအကြောင်းကြားပါ။(၁နှစ်မပြည့်သောတိုတောင်းသောပြည်ပထွက်ခွာသူသည်ပုံမှန်အားဖြင့်မလိုအပ်ပါ)။မိမိနေထိုင်သောမြို့နယ်တွင် မှတ်တမ်းတင်ထားသည့်ကာလအတွင်း နိုင်ငံခြားသို့ ထွက်ခွာသော်လည်း ကျန်းမာရေးအာမခံငွေပေးဆောင်ရမည်ဖြစ်သည်။